**စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာအနီးရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် NUG ရုံးအား တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကိစ္စနှင့်ပတ်သက်သော အချက်အလက်များ**

၁။ ကန့်ဘလူကိစ္စဖြစ်စဉ်ဖော်ပြရာတွင် မြန်မာတပ်မတော်၏တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သား အများအပြားသေဆုံးကြောင်း ဖော်ပြမှုများသည် မှန်ကန်မှုမရှိကြောင်း၊ PDF အကြမ်းဖက်သမားများသည် အရပ်သားများနေထိုင်သည့်နေရာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နေထိုင်လှုပ်ရှားပြီး အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် Rules of Engagement (ROE) နှင့်အညီ အကြမ်းဖက်သမားများကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူများသည် နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဥပဒေများ (International Humanitarian Laws) ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်နေခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၂။ ကန့်ဘလူဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်များနှင့် ၂၀၂၃ ခုနှစ် ဧပြီလ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြချက်များအား အောက်ပါအတိုင်း ကောက်နှုတ်ဖော်ပြအပ်ပါသည်-

(က) NUG လက်အောက်ခံ PDF အဖွဲ့မှ အကြမ်းဖက်သမားများသည် ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာအနီးတွင် အခြေခံစခန်းတည်ဆောက်၍ စစ်ကိုင်းတိုင်းဒေသကြီးအနှံ့ရှိ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ၎င်းတို့အားမထောက်ခံသည့် သာသနာ့အနွယ်ဝင် ရဟန်းသံဃာများ၊ သီလရှင်များအား ဥပဒေမဲ့နှိပ်စက်သတ်ဖြတ်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများအား တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများအား ဒရုန်းဖြင့် ဗုံးခွဲတိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ လဆန်းမှ ၂၀၂၃ ခုနှစ်၊ မတ်လကုန်အထိ အပြစ်မဲ့ ပြည်သူ ၁၅၉၃ ဦး၊ အုပ်ချုပ်ရေးမှူး ၉၂ ဦး၊ ကျောင်းဆရာမ ၂၆ ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၉၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၇ ဦးနှင့် အခြားဝန်ထမ်း ၅၄ ဦး၊ ရဟန်း သံဃာ ၂၈ ပါး သေဆုံးခဲ့ရသည်။ စာသင်ကျောင်း ၁၂၄ ကျောင်း၊ ဆေးရုံ ၅ ရုံ၊ ရုံးဌာန အဆောက်အဦ ၁၉၀၊ ဘာသာရေးအဆောက်အဦ ၂၀ နှင့် လူနေအဆောက်အဦ ၂၆၄ လုံး ဖျက်ဆီးခံခဲ့ရသည်။

(ခ) PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များကို ဥပဒေမဲ့ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများအပေါ် အကြောက်တရားဖြင့် ဖိနှိပ်မှုများပြုလုပ်ခဲ့သည်။ ယင်းတို့၏ အကြမ်းဖက်သင်တန်းပေးမှုကဲ့သို့သော လှုပ်ရှားဆောင်ရွက်မှုများ

တွင် မိသားစုတစ်စုလျှင်တစ်ယောက်ပါဝင်ရန် အတင်းအကြပ်ခိုင်းစေခဲ့ပြီး ကလေးများကိုပင် လက်နက်ကိုင်ဆောင်စေခဲ့သည်ကို တွေ့ရှိရသည်။ ယင်းတို့၏ အကြမ်းဖက်ဆောင်ရွက်မှုများကို အားပေးကူညီရန် အမျိုးသမီးများနှင့် ကလေးများအပါအဝင် အပြစ်မဲ့ပြည်သူများအား စည်းရုံးဆောင်ရွက်ခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လ ၃၀ ရက်တွင် ကန့်ဘလူမြို့နယ်၊ ပေါက်ကုန်းကျေးရွာ၌ အပြစ်မဲ့ပြည်သူ ၉ ဦးကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်၍ နေအိမ် ၆၂ လုံးအား မီးရှို့ဖျက်ဆီးခဲ့သည်။

( ဂ ) ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာအနီးတွင် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်၌ အကြမ်းဖက် NUG/CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာနချုပ်များ ဖွင့်လှစ်ရန်ရှိကြောင်း အကြမ်းဖက်မှုကိုရွံ့မုန်းနေသူ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်ကို ရရှိခဲ့သည်။

(ဃ) တပ်မတော် (လက်နက်ကိုင်တပ်ဖွဲ့များ) အနေဖြင့် ကျေးရွာနှင့်အကွာအဝေးကိုတွက်ချက်၍ အပြစ်မဲ့ပြည်သူများ မထိခိုက်စေရေး လေကြောင်းမှအကန့်အသတ်ဖြင့် တိုက်ခိုက်မှုကို ဆောင်ရွက်ခဲ့ပြီး PDF ခေါင်းဆောင်နှင့် အကြမ်းဖက်အဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း သိရှိရသည်။ တပ်မတော်သည် NUG/CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဌာနချုပ်များကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

( င ) ယင်းဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်တိုက် ထပ်မံပေါက်ကွဲမှုကြောင့် ပြင်းထန်စွာပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်ခဲ့ပြီး အသက်ဆုံးရှုံးမှုများ ထပ်မံပေါ်ပေါက်ခဲ့ဖွယ်ရှိသည်။

( စ ) လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ချိန်တွင် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးချလေ့ရှိပြီး ၎င်းတို့၏ လှုပ်ရှားမှုများတွင်လည်း ကျေးရွာမိသားစုများကို အတင်းအကြပ်ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပြုလုပ်စေလျက်ရှိသည်။ အကယ်၍ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုရှိပါက သတင်းမီဒီယာများမှတစ်ဆင့် တပ်မတော်၏ ပုံရိပ်ကိုထိခိုက်အောင် ဆောင်ရွက်လျက်ရှိသည်။

(ဆ) လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် သောင်းကျန်းသူချေမှုန်းရေး စစ်ဆင်ရေးများအား Rules of Engagement (ROE) နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**Factual accounts regarding Tatmadaw's attacks on base of so-called PDF, NUG terrorists near Pazigyi village in Kantbalu Township, Sagaing Region**

1. The accusations of the death of a large number of innocent civilians in the incident of Kantbalu are far from reality. In fact, the so-called PDF terrorist groups intentionally established their base and have been committing their terrorist activities in the residential areas. The Tatmadaw is only taking necessary measures against the terrorist groups based on the Rules of Engagement – ROE. It is only the terrorists and insurgent groups who have been violating the provisions of the International Humanitarian Laws.

2. The excerpts from the explanation by Major General Zaw Min Tun, leader of information team of State Administration Council and also from the State media which were published on newspapers dated 12 April 2023 can be seen as bellows:

(a) The so-called PDF terrorists under NUG have established their base near Pazigyi village in Kantbalu Township, Sagaing Region. Those terrorists unlawfully killed innocent civilians and public service personnel, monks and nuns who do not support them. They also attacked hospitals and clinics, dropped bombs by drone on schools and monasteries. From 1 February 2021 to 31 March 2023 in the Sagaing Region, 1593 innocent people, 92 administrators, 26 teachers, 198 members of Myanmar Police Force, 7 medical staff, 54 other staff and 28 monks were killed. In addition, 124 schools, 5 hospitals, 190 office buildings, 20 religious buildings and 264 residential were destroyed.

(b) The so-called PDF terrorists conducted brutal acts of terrorism and suppressed local people with fear. They forced at least one person from each family to attend their activities such as PDF terrorist training and to take arms even to children. They persuaded innocent civilians including women and children to support their terrorist activities. They brutally killed 9 innocent people without reason and destroyed 62 residential places in Pauk Gone, Kantbalu Township on 30 March 2023.

(c) According to the local people who do not accept terrorism, it was informed that the opening of local administrative headquarters of NUG/CRPH and the PDF terrorist groups near Pazigyi village in Kantbalu Township would be held on 11 April 2023.

(d) In order to prevent collateral damage, the Tatmadaw (Armed Forces) carefully calculated the distance between the village and the said stronghold, and carried out counter–terrorism operation by air with maximum restraint. It was learnt that PDF leader and members of terrorists were found dead. The Tatmadaw only targeted the stronghold of the so–called NUG/CRPH and PDF terrorist groups.

(e) It was also observed that due to the explosion of the arsenal used by those terrorist groups at the place, it caused a large explosion which may lead to loss of lives.

(f) During the clashes with security forces, the so–called PDF terrorists use innocent people as their shield and forcibly urge them to cooperate with terrorism. If there is any casualty of innocent civilian, they blame on Tatmadaw to ruin its image through media.

(g) Security forces are undertaking necessary counter insurgency measures for peace and stability in the area in line with the Rules of Engagement– ROE.

***************